ADB

Asian Development Bank

Myanmar Resident Mission

၂၉၊ ဇန်နဝါရီလ၊ ၂၀၁၅

# သဘာဝ အရင်းအမြစ်များအတွက် ရင်းနှီးမြုပ်နှံမှုများ တိုးမြှင့်ရေး ပိုမို ကြိုးပမ်းဆောင်ရွက်ကြရန် မဟာမဲခေါင် မြစ်ဝှမ်း ဒေသခွဲ (ဂျီအက်မ်အက်စ်) နိုင်ငံများ ကတိကဝတ်ပြု

နေပြည်တော်၊ မြန်မာ - လက်တွေ့ ဆောင်ရွက်မှုများ အားနည်းပါက မဲခေါင်ဒေသခွဲ၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကို ထိခိုက်နိုင်ကြောင်း ကြောင့်ကြမှုများ ရှိနေသည်ဖြစ်ရာ မဲခေါင်ဒေသခွဲအတွင်း သဘာဝ အရင်းအမြစ်များ (သစ်တော၊ လယ်ယာ များနှင့် မြစ်ချောင်းများ အပါအဝင်)ကို ဆုံးရှုံးမှု မရှိစေရန်နှင့် ပိုမို တိုးပွားလာစေရန် ကြိုးပမ်းဆောင်ရွက်မှုများကို ဆတိုး ဆောင်ရွက်ပြီး အားလုံးအတွက် အကျိုးသက်ရောက် စေမည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း မဟာမဲခေါင် မြစ်ဝှမ်း ဒေသခွဲ (ဂျီအက်မ်အက်စ်) နိုင်ငံများက ကတိ ကဝတ် ပြုလိုက်ပြီ ဖြစ်ပါသည်။

သဘာဝ အရင်းအမြစ်ဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုပြန့်ပွားရန်နှင့် သိနားလည်မှုများ ပိုမို နိုးကြားမှုရှိစေရန်၊ ယင်းတို့ကို အကာအကွယ်ဖြစ်စေရေး ဘဏ္ဍာငွေထောက်ပံ့ရန်နှင့် ညှိနှိုင်း ဆောင်ရွက်ရန်၊နှင့် မူဝါဒ၊စီမံရေးရာနှင့် ရင်းနှီးမြုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် သဘာဝအရင်းအမြစ်ရေးရာများ ကိုပါ ထည့်သွင်းစဉ်းစားမည့် နည်းလမ်းများ ဖော်ထုတ်ရန် တို့အတွက် ပိုမိုခိုင်မာသော ပူးပေါင်း ဆောင်ရွက်မှုရှိစေရေး စတုတ္ထအကြိမ် မဟာမဲခေါင် ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဂျီအက်မ်အက်စ်ဒေသတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးရာ ခေါင်းဆောင်များက တိုက်တွန်း ပြောကြား ခဲ့ပါသည်။

"စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝ အရင်းအမြစ်တွေက အဓိက အခန်းကဏ္ဍ တစ်နေရာက ပါဝင်ပါတယ်"ဟု ကမ္ဘောဒီးယား၊ လာအို၊မြန်မာ၊တရုတ်၊ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးရာ ခေါင်းဆောင်များ၏ ပူးတွဲသတင်းထုတ်ပြန်ချက်က ဆိုပါသည်။ "မဲခေါင် ဒေသခွဲရဲ့ အနာဂတ် သာယာဝပြောမှုဟာ ဒေသတွင်း သဘာဝရင်းမြစ်တွေကို ဆုံးရှုံးမှု မရှိစေဖို့နဲ့ ပိုမို တိုးပွား လာစေဖို့ရာ ရင်းနှီးမြုပ်နှံမှုတွေကို အချိန်ကိုက် အကျိုးရှိရှိ ဆောင်ရွက်နိုင်မှုပေါ် မူတည် ပါတယ်။"

သဘာဝအရင်းအမြစ်ဆိုသည်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုဘဝ သာယာဝပြောရေး အတွက် အဓိက လိုအပ်ချက်များဖြစ်သည့် ဇီဝစနစ် ဝန်ဆောင်မှုများကို ဖြစ်ပေါ်စေသော (အစားအစာ၊ စွမ်းအင် နှင့် ရောဂါထိန်းချုပ်မှု စသည်တို့ အပါအဝင်) သဘာဝအခြေခံ အရင်းအမြစ်များကို ဆိုလိုရင်း ဖြစ်ပါသည်။ စီးပွားရေး အခွင့်အလမ်းများ ဖန်တီးနိုင်ရန် လယ်ယာ၊သစ်တော၊မြေ၊ရေ၊ဒီရေတောနှင့် ယင်းတို့နှင့် ဆက်စပ် ဇီဝစနစ် ဝန်ဆောင်မှုများ အပေါ် များစွာ မှီခိုအားထားနေရသည့် မဲခေါင်ဒေသခွဲနိုင်ငံများအတွက် သဘာဝ အရင်းအမြစ်များမှာ လွန်စွာ အရေးပါ ပါသည်။ မဲခေါင်ဒေသခွဲနိုင်ငံများ ပေါ်ကြွယ်ဝမှု၏ ၂၀ % နှင့် ၅၅ % မှာ သဘာဝ အရင်းအမြစ်များပင် ဖြစ်ရာ ဒေသတွင်း ဆက်လက် ပေါကြွယ်ဝမှုအတွက် ယင်းတို့ကို ကာကွယ်ထိန်းသိမ်းနိုင်ရေးမှာ အဓိက လုပ်ငန်း တစ်ခုပင် ဖြစ်သည်။

မဲခေါင်ဒေသခွဲနိုင်ငံများရှိ သန်း ၆၀ သော ကျေးလက်နေလူဦးရေမှာ ယင်းတို့၏ အစားအစာ၊ ရေ၊စွမ်းအင်နှင့် ဝင်ငွေရရှိရေးတို့အတွက် သဘာဝ ဝန်းကျင်ကို မှီတင်းနေ ကြသည်ဖြစ်ရာ သဘာဝ အရင်းအမြစ်များမှာ ဒေသခွဲအတွင်းရှိ နွမ်းပါးသူများ၏ ဘဝအတွက် အသက်သွေးကြောတစ်ခု ဖြစ်ပါသည်။ သို့သော်လည်း သဘာဝအရင်းအမြစ်များကို အလွန်အကျွံ သုံးစွဲမှုများ၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ဆုံးရှုံး နိုင်မှုများနှင့် တိုးပွားလာသော သဘာဝဘေးအန္တရာယ်များက ယင်းလူမှု အသိုက်အဝန်းများ၏

အသက်မွေးဝမ်း ကျောင်းများကို ခြိမ်းခြောက်နေလျှက် ရှိပါသည်။ ယင်းအပြင် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီး လာနေမှုသည်လည်း မဲခေါင်ဒေသခွဲအတွင်း ရေရှည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အန္တရာယ်ဖြစ်နေပြီး ယင်းကို ဖြေရှင်းမှု မရှိပါက လာမည့် နှစ် ၂၅ နှစ်အတွင်း ဒေါ်လာ ၅၅ ဘီဘီယံခန့် ဆုံးရှုံးနစ်နာမှု ရှိလာပါ လိမ့်မည်။

"လာမယ့်နှစ်တွေမှာ မဲခေါင်ဒေသခွဲအတွင်း ကြုံတွေ့ရမယ့် အဓိက စိန်ခေါ်မှုကတော့ မြင့်မားလာနေတဲ့ အစားအစာ၊ စွမ်းအင်၊ရေနဲ့ အခြား သဘာဝ အရင်းအမြစ်လိုအပ်ချက်ကို ဖြည့်ဆည်းဖို့နဲ့ တစ်ပြိုင် နက်တည်းမှာလည်း နောင်လာမယ့်မျိုးဆက်တွေအတွက် အရင်းအမြစ်တွေကို အဆင်သင့်ရရှိနိုင်ဖို့ပဲ ဖြစ်ပါတယ်"ဟု အာရှဖွံ့ဖြိုးရေးဘဏ် အရှေ့တောင်အာရှဌာန၏ ညွှန်ကြားရေးမှူးချုပ် ဂျိမ်း(စ်)နဂျန့်က ယင်း၏ အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဆုံးဖြတ်ချက်ချရမည့်သူများ အတွက် အရေးပါသည့် အတွေးအမြင်များ ရရှိမှုကို အထောက်အကူဖြစ်စေနိုင်ရန် သဘာဝ အရင်းအမြစ်များ၏ လူမှုစီးပွားရေးအပေါ် သက်ရောက်မှုများကို သေချာစွာ ဆန်းစစ် အကဲဖြတ်ရန် မစ္စတာ နဂျန့်က တိုက်တွန်း ပြောကြားပါသည်။ ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးအတွင်း ချမှတ်ခဲ့သော ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု မူဘောင် (RIF) အရ အကောင်အထည်ဖော်မည့် ဒေါ်လာ ၃၀ ဘီလီယံကျော် စီးပွားရေး ဖွံ့ဖြိုး တိုးရေးဆိုင်ရာ ဦးစားပေးစီမံကိန်းများကို ပြင်ဆင် အကောင်အထည် ဖော်ရာတွင် အားလုံးအတွက် အကျိုးသက်ရောက်မှုနှင့် ရေရှည်တည်တံ့ရေးတို့အတွက် စဉ်းစား ဆောင်ရွက်မှုများက အထောက်အကူပြုရန် လိုအပ်ကြောင်းလည်း ၎င်းက ဆိုပါသည်။

မနီလာ အခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်သည် အားလုံးအတွက် အကျိုးသက်ရောက်စေမည့် စီးပွားရေး ဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိပဲ ရေရှည်တည်တံ့စေမည့် ဖွံ့ဖြိုးရေးနှင့် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှု တိုးမြင့်စေရေးတို့ကို ဆောင်ရွက်ကာ အာရှနှင့် ပစိဖိတ်ဒေသတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အတွက် ဦးတည်ချက်ထား လုပ်ငန်းများ အကောင်အထည်ဖော်လျှက်ရှိပါသည်။ ၁၉၆၆ ခုနှစ်တွင် စတင် တည်ထောင်ခဲ့သော အေဒီဘီကို အဖွဲ့ဝင် ၆၇ နိုင်ငံက ပိုင်ဆိုင်ပြီး အဖွဲ့ဝင်များ အနက် ၄၈ နိုင်ငံမှာ အာရှ/ပစိဖိတ် ဒေသတွင်းမှ ဖြစ်ပါသည်။

ဆက်သွယ်ရန် -
အဲလက်စ် ညီညီအောင်
၀၉ ၂၅၄၁ ၁၁၁၄၈၊ ၀၉ ၂၅၄၇ ၂၅၄၇၂
အီးမေးလ် - naung@adb.org
Facebook: https://www.facebook.com/adbmyrm
Twitter: https://twitter.com/ADB_Myanmar